Myanmar Garment Manufacturers Association
# NEWSLETTER
FEBRUARY 2025, ISSUE

## BHARAT TEX 2025 သို့ MGMA မှ Buyer Delegate များတက်ရောက်

အိန္ဒိယနိုင်ငံ BHARAT TEX 2025 သို့ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ အထည်ချုပ်လုပ်ငန်းရှင် (၁၃) ဦး တက်ရောက်ခဲ့သည်။ အဆိုပါပြပွဲအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၇ ရက်ထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ Bharat Mandapam ၌ Manmade and Technical Textiles Export Promotion Council – MATEXIL ၏ ပံ့ပိုး ကူညီမှုဖြင့် ပြုလုပ်ခဲ့သည်။

စာ - ၂ သို့ >>>>>>>>>>



# မာတိကာ


## Activities and News **Page**

BHARAT TEX 2025 သို့ MGMA မှ Buyer Delegate များတက်ရောက်........................................... ၂-၃

Vietnam International Trade Fair for Apparel, Textile and Textile Technologies (VIATT) 2025 ၄~၆

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာ သင်တန်း)........................................................................................................................ ၇

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၀) ............................................................ ၈

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ................................................................... ၉

မိမိသဘောဆန္ဒအလျှောက်အလုပ်သမားဥပဒေလေးစားလိုက်နာမှုအကဲဖြတ်စစ်ဆေးခြင်း ...................... ၁၀

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၄၉)................................................................ ၁၁-၁၂


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training | March | Member Factory |

## Membership Update


New Member in February 2025 ............................................................ ၁၃

Membership update as of February 2025 ................................................... ၁၃

# BHARAT TEX 2025 သို့ MGMA မှ Buyer Delegate များတက်ရောက်




အိန္ဒိယနိုင်ငံ BHARAT TEX 2025 သို့ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ အထည်ချုပ်လုပ်ငန်းရှင် (၁၃) ဦး တက်ရောက်ခဲ့သည်။ အဆိုပါပြပွဲအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၇ ရက်ထိ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ Bharat Mandapam ၌ Manmade and Technical Textiles Export Promotion Council – MATEXIL ၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်ခဲ့သည်။

MGMA Buyer Delegate များသည် buyer and selling meets program, knowledge session, panel discussion အစရှိသည့်အစီအစဉ်များတွင် ပါဝင်ခဲ့ပြီး ပြပွဲအတွင်းသို့ လိုက်လံကြည့်ရှုလေ့လာခဲ့သည်။

MGMA Buyer Delegate များအတွက် ဒေသတွင်းထုတ်ကုန်များကို ဝယ်ယူခြင်းသည် ပြည်တွင်းဖြစ်ထုတ်ကုန်များ၊ အထည်အလိပ်များ နှင့် ဆက်စပ်ပစ္စည်းများကို လွယ်ကူစွာရရှိနိုင်သည့်အားသာချက်တစ်ခုဖြစ်သည်။

BHARAT TEX သည် ကမ္ဘာ့အကြီးဆုံး ချည်မျှင်နှင့် အထည်ပြပွဲဖြစ်ပြီး ချည်မျှင်မှအစပြု၍ ချည်သား၊ ပိတ်ထည်၊ အဝတ်အထည်၊ ပြုလုပ်ပြီးပစ္စည်းများ (အိမ်သုံးအထည်များ အပါအဝင်)၊ နည်းပညာဆိုင်ရာ အထည်များ၊ ဆိုးဆေးနှင့်ဓာတုပစ္စည်းများ၊ စက်ကိရိယာများ အစရှိသည့် ချည်မျှင်နှင့်အထည်ဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို လွှမ်းခြုံထားပါသည်။




Bharat TEX 2025
Global Textile Expo




KNITS DIVISION
EXPORT & LOCAL)


# Vietnam International Trade Fair for Apparel, Textile and Textile Technologies (VIATT) 2025

Vietnam International Trade Fair for Apparel, Textile and Textile Technologies (VIATT) 2025 ကို Messe Frankfurt (Hong Kong) မှကြီးမှူးပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်မှ ၂၈ ရက်ထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တော်ရှိ Saigon Exhibition and Convention Center (SECC) ပြပွဲသို့ MGMA ၏စီစဉ်မှုဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့မှ MGMA အသင်းဝင်စက်ရုံတို့မှ အထည်ချုပ်လုပ်ငန်းရှင် ၁၅ ဦးမှ Buyer Delegation များအဖြစ်လိုက်ပါခဲ့သည်။ MGMA အနေဖြင့် VIATT's Association Village ၌ Institutional Booth အနေဖြင့် နိုင်ငံတကာရှိ အထည်ချုပ်အသင်းအဖွဲ့များနှင့်အတူပါဝင်ပြသခဲ့သည်။




ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် Buyer Delegate များသည် ဖွင့်ပွဲအခမ်းအနား၊ ဖက်ရှင်ရှိုး၊ VIP Tour များသို့တက်ရောက်ခဲ့ကြပြီး MGMA ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များက ASEAN အဖွဲ့ဝင်နိုင်ငံများမှ အဝတ်အထည်လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များနှင့်အတူ အထည်ချုပ်လုပ်ငန်း ဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ခဲ့သည်။










ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် YKK Vietnam Co., Ltd သို့ သွားရောက်လေ့လာခဲ့ပြီး စက်ရုံ၏ Supply Chain လုပ်ငန်းစဉ်များ၊ ဇစ်နှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် Social Compliance ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လေ့လာခဲ့သည်။ ထို့နောက် Ho Chi Minh City College of Technology (အထည်အလိပ်နည်းပညာကျောင်း) သို့ သွားရောက်ခဲ့ပြီး မိတ်ဆက်ပွဲအစည်းအဝေးသို့ တက်ရောက်ခဲ့ကာ ကျောင်းသားများမှ ပြုလုပ်ထားသော ပုံစံဒီဇိုင်းများ အပါအဝင် ဖက်ရှင်နည်းပညာများကို လေ့လာခဲ့သည်။
















ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြပွဲရှိ Exhibitor များနှင့် MGMA Buyer Delegate များ Business Matching ပြုလုပ်ခဲ့ကြသည်။ ပြပွဲသို့ MGMA ဦးဆောင်မှုဖြင့် အဖွဲ့ဝင်စက်ရုံ ၁၁ ရုံမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး Made in Myanmar ထုတ်ကုန်ပစ္စည်းများကို Association Village ရှိ MGMA ပြခန်း၌ သုံးရက်ကြာ ပြသခဲ့သည်။





# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် က Lucky Fortune Co., Ltd ၌ပြုလုပ်ခဲ့သည်။
MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှအဖွင့်အမှာစကားပြောကြားခဲ့ပြီးသင်တန်းကို စတင်ခဲ့သည်။ သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ BSCI – Performance Area 07, Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

ထို့နောက် MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှသင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားပြောကြားခဲ့ပြီး Lucky Fortune Co., Ltd ၏ OSH ကော်မတီအဖွဲ့ဝင် နှင့် ဝန်ထမ်း စုစုပေါင်း (၁၉) ဦးတက်ရောက်ခဲ့ပြီး သင်တန်းဆင်း လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။



Senior Labour Officers from MGMA presenting OSH



Junior Labour Officers from MGMA presenting OSH



Awarding Certificates



Senior Labour Officers from MGMA presenting OSH



Junior Labour Officers from MGMA presenting OSH

# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၀)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (သင်တန်းအမှတ်စဉ် - ၁၀) ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၃၁ ရက်နေ့ထိလည်းကောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်ထိလည်းကောင်း၊ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။ သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပုခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ( သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါတဲ့ A Skirt တစ်ထည်လုံးချုပ်နည်း များကိုသင်ကြားပေးသွားမည့်အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖောက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 4 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ လက်တွေ့လုပ်ဆောင်မှုများပါဝင်သည့်သင်တန်း သို့ သင်တန်းသား (၁၀) ဦးတက်ရောက်ခဲ့သည်။



**Batch – 10 Group Photo**



**Manager of MGHRDC giving closing remarks**





**Trainer of MGHRDC presenting Sewing Method**





**Awarding Certificates**

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။




အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ BHARAT TEX 2025 သို့သွားရောက်ခဲ့သည့် အတွေ့အကြုံများအား ပြန်လည်ဝေမျှခြင်း၊ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တော်တွင် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်ထိ ပြုလုပ်မည့် VIATT 2025 တို့သို့ အဖွဲ့ဝင်စက်ရုံများလိုက်ပါမည့် ကိစ္စရပ်များ၊ 10 – Year Strategy Booklet ထုတ်ဝေရေးကိစ္စရပ်များ၊ Myanmar AOTS Alumni Association (MAAA) နှင့် MGMA တို့အကြား MOU ရေးထိုးမည့်ကိစ္စရပ်များ၊ Software Solution လာရောက်မိတ်ဆက်မည့် ကိစ္စရပ်များ၊ Working Group ကော်မတီအစည်းအဝေးများမှ ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



# မိမိသဘောဆန္ဒအလျှောက် အလုပ်သမားဥပဒေ လေးစားလိုက်နာမှု အကဲဖြတ်စစ်ဆေးခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် အသင်းဝင်စက်ရုံ (၂) ရုံအားသွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါစက်ရုံ ( ၂ ) ရုံမှာ လှိုင်သာယာမြို့နယ်ရှိ Jessie Myanmar Apparel Manufacturing Co., Ltd နှင့် ပဲခူးမြို့ရှိ Skytex Myanmar Co., Ltd တို့ဖြစ်သည်။

MGMA ၏ Senior Labour Officer မှ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် Jessie Myanmar Apparel Manufacturing Co., Ltd သို့လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် Skytex Myanmar Co., Ltd သို့လည်းကောင်း၊ သွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ/မရှိကို အသေးစိတ်ကြည့်ရှု စစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်း အကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။





**Jessie Myanmar Apparel Manufacturing Co., Ltd**

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၄၉)



Batch – 249 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၄၉) ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁၄ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) မှ ကျောင်းအုပ်ကြီး ဦးဇေယျာလင်း မှ အဖွင့်အမှာစကားနှင့် အပိတ်အမှာ စကားများ ပြောကြားခဲ့သည်။


သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၁) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Principle of GTHS giving Closing Remarks



MGMA conducting Labor Law Awareness



Associate Professor of GTHS giving opening Remarks



Trainer of MGHRDC presenting Sewing Method



Practice Session



Trainer of MGHRDC presenting
Sewing Method



Trainer of MGHRDC presenting
Sewing Method




Trainer of MGHRDC presenting
Sewing Method



Awarding Certificates



Awarding Certificates

# MEMBERSHIP UPDATE

New Members in February 2025

| Country | No. of New Member Factories |
|---|---|
| Singapore | 1 |
| **Total** | **1** |

Membership Update as of February 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 65 |
| | China | 335 |
| | Korea | 56 |
| | Japan | 17 |
| | Others | 19 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 49 |
| Total (Active) | | 566 |
| Temporary Closed | | 51 |


Titan
Our Partner
Growatt
powering tomorrow
Deye
felicitysolar®
Make life full of hope
JinKO Solar
Building Your Trust in Solar
SOLAR NEST
BATTERY
YGN Contact No.
09 79724 6622
09 79724 6633
MDY Contact No.
09 765476963
09 797246363


Titan
Titan
Solar & MEP System
Myanmar
Our Partner
Growatt
powering tomorrow
Deye
felicitysolar®
Make life full of hope
JinKO Solar
Building Your Trust in Solar
SOLAR NEST
BATTERY
YGN Contact No.
09 79724 6622
09 79724 6633
MDY Contact No.
09 765476963
09 797246363